# ၁၉၅၃ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့်၊ ၁၉၄၀ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီအက်ဥပဒေပုဒ်မ ၃ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကိုထည့်သွင်းရမည်—

"(၁) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ ကောင်စီတခု ဖွဲ့စည်း တည်ထောင်ရမည်။ ထိုကောင်စီကို လူထုပညာသင်ကြားရေးကောင်စီဟု ခေါ်ရမည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(က) လူမှုဝန်ထမ်းဌာနဝန်ကြီး၊
(ခ) ပညာရေးဌာနညွှန်ကြားရေးဝန်၊
(ဂ) လူမှုဝန်ထမ်းဝန်ကြီးဌာနအတွင်းဝန်၊
(ဃ) လူမှုဝန်ထမ်းဌာနညွှန်ကြားရေးဝန်နှင့်
(င) နိုင်ငံတော် သမတ က ခန့်ထားသည့် အခြားပုဂ္ဂိုလ်တဆယ့်ရှစ်ဦး။"

(ခ) ပုဒ်မခွဲ (၂) ၌—

(၁) အပိုဒ် (က) အစား၊ အောက်ပါကိုထည့်သွင်းရမည်—

"(က) လူမှုဝန်ထမ်းဌာနဝန်ကြီးသည်ကောင်စီ၏ဥက္ကဋ္ဌဖြစ်ရမည်။ ကောင်စီသည် ကောင်စီလူကြီးများအနက်၊ တဦးကိုကောင်စီ၏ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။"

(၂) အပိုဒ် (ခ) အောက်တွင် အောက်ပါကို အပိုဒ် (ဂ) အဖြစ်ဖြင့် ထည့်သွင်းရမည်—

"(ဂ) လူမှုဝန်ထမ်းဌာန ညွှန်ကြားရေးဝန်သည် ကောင်စီ၏ အတွင်းရေးမှူးဖြစ်ရမည်။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၈ တွင် အပိုဒ် (၁) (၂) (၃) နှင့် (၄) အစား၊ အောက်ပါကိုထည့်သွင်းရမည်—

"(၁) လူထုအား ဂယာဘုယျအားဖြင့်လူမှုရေး တိုးတက်မှုဆိုင်ရာပညာဗဟုသုတများကို ဖြန့်ဖြူးပေးရန် အစီအစဉ်များပြဋ္ဌာန်းခြင်းကိစ္စနှင့်စီမံကိန်းများပြုလုပ်ခြင်းကိစ္စ၊

(၂) လူမှုရေး တိုးတက်မှုဆိုင်ရာပညာဗဟုသုတ ဖြန့်ဖြူးရေးအတွက်၊ လူထုပညာရေးမှူးများကို လေ့ကျင့်ပေးရန်၊ လေ့ကျင့်ရေးဌာနများနှင့်လေ့ကျင့်ရေးစခန်းများတည်ထောင်ခြင်းကိစ္စ၊

(၃) လူမှုရေး တိုးတက်မှုဆိုင်ရာပညာဗဟုသုတ ဖြန့်ဖြူးရေးအတွက်၊ လူထုပညာရေးမှူးများနှင့်အခြားရာထမ်း မှုထမ်းများခန့်ထားရန်ကိစ္စ၊ထို့ပြင်

(၄): လူထုအားလူမှုရေး တိုးတက်မှုဆိုင်ရာ ပညာဗဟုသုတဖြန့်ဖြူးပေးရန်ပြုလုပ်ထားသော စီမံကိန်းများကို သာမန်အားဖြင့် ဆောင်ရွက်ခြင်းကိစ္စ၊ ’’

ပ၊မ၊ဗ၊စ၊—အမှတ် ၅၀၊ တရားရေး၊ ၉-၁၂-၅၃—၂,၀၀၀—၂။